mgyoe.com

# လောက၏
# တောင်ထိပ်များ
# ချိုင့်ဝှမ်းများ

# PEAKS and VALLEYS

Spencer Johnson, M.D.

ခင်မောင်ညို (ဘောဂဗေဒ)



mgyoe.com

# လောကဓံ
# တောင်ထိပ်များ
# ချိုင့်ဝှမ်းများ

**Peaks and valleys**

Spencer Johnson, M.D.
ခင်မောင်ညို(ဘောဂဗေဒ)



KMN0026
900.00 KS
mgyoe.com

mgyoe.com

လောကစံတောင်ထိပ်များချိုင့်ဝှမ်းများ၊ ခင်မောင်ညို(ဘောဂဗေဒ)
စာမျက်နှာ ၁၀၈ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၀ စိတ်ကူးချိုချို၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၉၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# လောကစံတောင်ထိပ်များ ချိုင့်ဝှမ်းများ

# PEAKS and VALLEYS

Spencer Johnson, M.D.

ခင်မောင်ညို(ဘောဂဗေဒ)
မြန်မာပြန်

ဒုတိယအကြိမ်၊ ၂၀၂၀

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လောကစံ
# တောင်ထိပ်များ•ချိုင့်ဝှမ်းများ

ခင်မောင်ညို

၆ ဘ ၁ ဂ ၆ ဗ ဒ



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဘာသာပြန်သူ၏ အမှာစာ

**သမီးဆုနှယ်...**

သမီးငယ်ငယ်က ဖေဖေ စာအုပ်တစ်အုပ်ကို ဘာသာပြန်တဲ့အချိန်နဲ့၊ သမီးရဲ့ လေးနှစ်မြောက်မွေးနေ့ တိုက်ဆိုင်နေလို့ အဲဒီစာအုပ်ကို သမီးနဲ့ သမီးတို့လူငယ်တွေ အတွက်ကို ရည်ညွှန်းခဲ့ဖူးတယ်။

ဒီကနေ့ကတော့ ဖေဖေရဲ့ မွေးနေ့နဲ့တိုက်ဆိုင် နေတယ်။ မြန်မာနိုင်ငံမှာ ဖေ့ဖေ့မွေးနေ့ ဧပြီလ (၁၁) ရက်ကို ရောက်နေပေမယ့် ဒီမှာတော့ ဧပြီလ (၁၀) ရက်နေ့ညပဲ ရှိသေးတယ်။ ဒီတစ်ခါ ဖေ့ဖေ့မွေးနေ့ကို သမီးတို့နဲ့အတူ မကျင်းပနိုင်ဘဲ၊ ရပ်ဝေးရောက်နေခဲ့တယ်။

ဒီနေ့ညမှာ ဖေဖေအလည်ရောက်နေတဲ့ အီလီနွိုင်းမြောက်ပိုင်း တက္ကသိုလ် (Northern Illinois University)မှာ တိုင်းရင်းသားရိုးရာကပွဲ (Ethotopia) လေးတစ်ခု လုပ်တယ်။ မြန်မာတိုင်းရင်းသားဝတ်စုံတွေနဲ့ မော်ဒယ်လ်ရှိုးလုပ်ရာမှာ ဖေဖေက ရခိုင်ဝတ်စုံဝတ်ပြီး ပါဝင်

mgyoe.com

mgyoe.com



ခဲ့သေးတယ်။ တခြား မုံ့ရွှေရည်အက၊ သကြ်န်အကတွေ လည်း ပါသေးတယ်။ ဖေဖေ့ရဲ့ မွေးနေ့ပါတီလို့ သတ်မှတ် ချင်လည်းရတယ်။

တကယ့်မွေးနေ့ ၁၁.၄.၂၀၀၉ နေ့မှာတော့ နေ့ခင်း ပိုင်းမှာ ချီကာဂိုက ဘုန်းကြီးကျောင်းကို အိမ်ရှင်တွေနဲ့ သွားကြတယ်။ ညမှာ အိမ်ရှင်တွေက မိတ်ဆွေတစ်ချို့ကို ဖိတ်၊ ချောကလက်ကိတ်တစ်လုံးဝယ်၊ ဖယောင်းတိုင်လေး တစ်တိုင်ထွန်းပြီး မွေးနေ့ကျင်းပဖြစ်တယ်။

ဒီတစ်ခေါက် ဖေဖေ အမေရိကန်နိုင်ငံကိုရောက် ချိန်မှာ ဖတ်စရာတွေ၊ စာရေးစရာတွေဘက်ကို တော်တော် အာရုံရောက်တယ်။ သကြ်န်ရက်တွေအမီ ပြန်ရင်ရပေမယ့် မပြန်သေးဘဲ အမေရိကန်မှာနေနေသေးတာက ဖိတ်စရာ တွေရှာ၊ ရေးလည်းရေးချင်လို့ပါ။ ကိုယ်တွေ့သမ္မကို ဆောင်းပါးလိုလေးတွေ အတော်ရေးဖြစ်ပါတယ်။

ကိုယ့်ဆီက စာဖတ်ပရိသတ်တွေ ဖတ်စေချင်လို့ ပဲ စာအုပ်နှစ်အုပ်ကိုစပြီး ဘာသာပြန်နေတာ။ (၁) ခန်းစီ ပြီးနေပြီ။ စာအုပ်တစ်အုပ်က ဘန်ကောက်လေဆိပ်ကဝယ် ခဲ့ပြီး ဂျပန်တိုကျိုနာရီတာလေဆိပ်မှာ ဖတ်ခဲ့တဲ့ စာအုပ်ပါ။ လောကခံ အနိမ့်အမြင့်တွေအကြောင်း ရေးထားတာ။ ဖေဖေ တို့က နိမ့်တာတွေ မြင့်တာတွေ ဂရုမစိုက်မိပေမယ့် အမှတ် တမဲ့ဖြစ်နေတဲ့ အနိမ့်အမြင့်ဆက်စပ်မှုတွေ ပြထားတယ်။ နိမ့်နေတဲ့အချိန်မှာ ဘာလုပ်သလဲဆိုတာက မြင့်တဲ့အချိန်ကို ဖြစ်စေပြီး မြင့်တဲ့အချိန်မှာ ဘာလုပ်သလဲဆိုတာက နိမ့်တဲ့

mgyoe.com

mgyoe.com



အချိန်ကို ဖြစ်စေတယ်တဲ့။

လွန်ခဲ့တဲ့ ၁၃ နှစ်၊ ၁၉၉၆ ခုနှစ်မှာ ဖေဖေရောက်စဉ်က ဘောဂဗေဒစာအုပ်လေးတစ်အုပ်ကို ဆန်ဖရန်စစ္စကိုမှာတွေ့လို့ ဖေဖေ ဘာသာပြန်ခဲ့ဖူးသေးတယ်။ အခု အဲဒီစာရေးဆရာရဲ့ စာအုပ်အသစ်ထွက်တာကိုတွေ့လို့ ဖေဖေ့ကို မိဘလိုစောင့်ရှောက်တဲ့ ကိုကျော်ကျော်သိန်းက ဝယ်ပေးတယ်။ ဖေဖေက အမှတ်တရ Rockvilleက သူ့အိမ်မှာပဲ စပြီးဘာသာပြန်တယ်။ အိမ်ပြန်ရောက်ရင် အိမ်ပြောင်းတဲ့အလုပ်လုပ်ရသလို ဘာသာပြန်စရာ အလုပ်တွေလည်း တစ်ပုံတစ်ခေါင်းကြီး ပါလာတယ်။

တကယ်တမ်း အိမ်ပြန်ရောက်တော့ အကြောင်းအားလျော်စွာ အိမ်မပြောင်းဖြစ်သေးဘူး။ ဒီအိမ်က သမီးမွေးဖွားခဲ့တဲ့ အိမ်ဆိုတော့ သမီးလည်း သံယောဇဉ်ရှိတဲ့အိမ်ဖြစ်မှန်းဖေဖေသိတယ်။ ဘဝဆိုတာ သံယောဇဉ်ရှိတဲ့အရာတွေနဲ့လည်း ခွဲလိုခွဲရ၊ မတွေ့လိုမဆုံလိုတာတွေနဲ့လည်း တွေ့ရကြုံရတာပါပဲ သမီးရယ်။

အခုဆို ဖေဖေက အသက် ၅၄ နှစ်ထဲ ဝင်၊ သမီးက အသက် ၁၆ နှစ်ထဲဝင်ချိန်ပေါ့။ ဖေဖေနဲ့ မေမေလည်း ဘဝရဲ့ အဟာက်အကျတွေကိုဖြတ်သန်းခဲ့ရ၊ ဖြတ်သန်းနေရဆဲပဲ။ မကြာမီ အခြေခံပညာအထက်တန်းတက်၊ တက္ကသိုလ်ကျောင်းသူကြီးဖြစ်၊ လက်တွေ့ဘဝထဲကို ဝင်ရောက်မယ့် သမီးဟာလည်း လောကစံအနိမ့်အမြင့်တွေနဲ့ မလွဲမသွေဆုံတွေ့ရမှာပဲ။

mgyoe.com

mgyoe.com



ဒီစာအုပ်လေးဟာ ဖေဖေ အိမ်ပြန်ရောက်အပြီး နှစ်ပတ်အကြာမှာ ဘာသာပြန်လို့ပြီးသွားပါတယ်။

ဖေဖေနဲ့ မေမေတို့အရွယ် လူလတ်ပိုင်းနဲ့ လူကြီးပိုင်းတွေ၊ သမီးတို့အရွယ်နဲ့ သမီးတို့အထက်လူငယ်တွေအတွက်ပါ ဘဝလောကကို ရင်ဆိုင်တဲ့အခါ အထောက်အကူဖြစ်ဖို့ ဖေဖေမျှော်လင့်ရင်း ဝေငှလိုက်တာပေါ့ သမီးရယ်။

ချစ်သောဖေဖေ
**ခင်မောင်ညို (ဘောဂဗေဒ)**
၃.၅.၂၀၀၉
ညနေ (၆ း ၀၀) နာရီ

ခပေါင်းဆောင်
လှိုင်တက္ကသိုလ်နယ်မြေ

mgyoe.com

mgyoe.com

# လောကစံတောင်ထိပ်များ၊ ချိုင့်ဝှမ်းများ

နယူးယောက်တွင်၊ မိုးရွာနေသော ညနေပိုင်း စောစောလေး၌ မိုက်ကယ်လ်ဘရောင်းသည်၊ လူတစ်ယောက်နှင့် တွေ့ရန် သုတ်သီးသုတ်ပျာ သွားနေသည်။ သူ၏ မိတ်ဆွေတစ်ယောက်က ထိုလူသည် သူကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းရာတွင် အထောက်အကူဖြစ်နိုင်သည်ဟု သူ့ကိုပြောထားသည်။ ဆိုင်ငယ်ထဲသို့ သူဝင်လိုက်သည့်အခါ၊ မကြာမီ ကြုံတွေ့ရမည့်ကာလများသည် သူ့အတွက် မည်မျှတန်ဖိုးရှိမည်ကို မည်သို့မျှ သိစရာအကြောင်းမရှိပေ။

အန်ကား (Ann Car) ကိုတွေ့တော့ သူ အံ့သြသွားသည်။ သူမသည် ဒုက္ခတွေ၊ အခက်အခဲတွေ အတော်လေးခံစားခဲ့ရသည့်သူတစ်ယောက်ဟု သူ ကြားထားသည်။ ထိုဒုက္ခ အရိပ်အယောင်တွေကို သူမဆီမှာ မြင်တွေ့ရလိမ့်မည်ဟု သူကထင်သည်။ သို့သော် သူမပုံစံက ဒုက္ခတွေ့ထားပုံမပေါ်ပဲ၊ တက်ကြွလန်းဆန်းနေပုံရသည်။

mgyoe.com

mgyoe.com


အာလာပသလ္လာပ အနည်းငယ်ပြောဆိုကြပြီး နောက် သူက မနေနိုင်တော့ပဲ 'အခက်အခဲတွေ ဒုက္ခတွေ ဖြတ်သန်းနေရတယ်လို့ ကျွန်တော်ထင်ပေမဲ့၊ ခင်ဗျား ကြည့်ရတာ အစစအရာရာ အဆင်ပြေချောမွေ့နေသလိုပဲ' ဟု မေးလိုက်သည်။

သူမက "ကျွန်မ အလုပ်ခွင်မှာရော၊ ဘဝမှာပါ၊ အဆင်ပြေပြီး နေရာကောင်းရောက်နေတာလေ။ ဒါပေမယ့် အခြေအနေဆိုးဘဲ့ကြားထဲက၊ အခြေအနေကောင်းနဲ့တွေ့ နေတာ မဟုတ်ဘူး။ အခြေအနေဆိုးတွေကြောင့်ရယ်၊ အဲဒီ အခြေအနေဆိုးတွေကို၊ ဘယ်လိုအသုံးချ၊ အခွင့်ကောင်းယူ မလဲဆိုတာ သိသွားလို့ရယ်ကြောင့်ပေါ့"

မိုက်ကယ်ဇဝေဇဝါဖြစ်သွားသည်။

"ဘယ်လိုလုပ်တာလဲ" ဟု သူကမေးသည်။

"ဟုတ်တယ်၊ ဥပမာအနေနဲ့ဆိုကြပါစို့၊ အလုပ်ခွင်မှာ တို့ဌာနဟာ အခြေအနေကောင်းတယ်လို့ထင်တယ်၊ တကယ်တော့မဟုတ်ဘူး။ တို့ဟာ အောင်မြင်ခဲ့တယ်၊ ဒါပေမဲ့ အောင်မြင်မှုအပေါ်မှာ သာယာနေတယ်။ အခြေအနေမှန်ကို သဘောပေါက်ချိန်ရောက်တော့၊ တခြားကုမ္ပဏီတွေက ဟို့ထက်အများကြီးသာနေတယ်။ အများကြီး အခြေအနေကောင်းနေတယ်။ တို့အထက်လူကြီးက၊ တို့ကို အတော်လေး သဘောမကျဘူး။

"အဲဒီအချိန်ကစပြီး၊ တို့ စိတ်ဓာတ်ကျတာပဲ၊ နေ့ချင်းညချင်းအခြေအနေကောင်းအောင် ပြန်လုပ်ဖို့၊ ဖိအား

mgyoe.com

mgyoe.com



လဲပေးတော့တာပဲ။ နေ့တိုင်း နေ့တိုင်း ပိုပိုပြီး သောကတွေ များလာတယ်"

မိုက်ကယ်လ်ကမေးလိုက်သည်။

"အဲဒီတော့ ဘာဖြစ်လဲ"

သူမက ပြန်ဖြေသည်။ "မနှစ်တုံးက အလုပ်ခွင်ထဲမှာ ငါလေးစားတဲ့ လူတစ်ယောက်ဆီက၊ ပုံပြင်တစ်ပုဒ် ကြားဖူးတယ်။ အဲဒီပုံပြင်က အခြေအနေဆိုး အခြေအနေကောင်းဆိုတာကို ငါမြင်ပုံ ပြောင်းသွားစေပြီး အခုငါလုပ်ပုံကိုင်ပုံကိုလဲ ပြောင်းသွားစေတယ်။ ပုံပြင်က ကိုယ်ရေးကိုယ်တာကိစ္စမှာတောင်မှ ဘာဖြစ်နေနေ အေးချမ်းမှုပိုရအောင်၊ ပိုပြီးအောင်မြင်အောင် အထောက်အကူ ဖြစ်နေတယ်။ ဒီအကြောင်းကို ငါဘယ်တော့မှ မေ့မှာ မဟုတ်ဘူး" "ပုံပြင်က ဘာမို့လို့လဲ" ဟု သူကမေးလိုက်သည်။

အန်က ခဏစဉ်းစားလိုက်သည်။ ထို့နောက်

"ဘာဖြစ်လို့ ပုံပြင်အကြောင်းသိချင်ဘာလဲလို့ ငါမေးလို့ရမလား"

မိုက်ကယ်လ်က စိတ်မပါလက်မပါနှင့် အလုပ်ခွင်ထဲမှာလည်း မလုံခြုံ၊ အိမ်မှာလည်း သိပ်အဆင်မပြေကြောင်း ဝန်ခံလိုက်သည်။

ယခုထက်ပိုပြီး ဘာမှပြောစရာမလိုတော့၊ သူ အပြောခက်နေပုံကို သဘောပေါက်သွားသည်။

"မင်းကြည့်ရတာ မင်းလဲ ငါ့လိုပဲ၊ ပုံပြင်ကို ကြားချင်နေပုံရတယ်" ဟု ပြောလိုက်သည်။

mgyoe.com

mgyoe.com



အန်က မိုက်ကယ်လ်ကို ပုံပြင်ပြန်ပြောပြမည်။ သို့သော် စည်းကမ်းချက်တစ်ခုထားသည်။ ပုံပြင်ထဲမှာ တန်ဖိုးရှိသည့် အရာတစ်ခုခုတွေ့လျှင် သူတစ်ပါးကို ပြန်ပြီးဝေမျှရမည် ဆိုတော့ သူက သဘောတူသည်။ အန်ကလည်း သူကြားချင်တာကို ပြောပြဖို့ပြင်သည်။

'ဘဝမှာ ကြုံတွေ့ရတဲ့ အတက်အကျလောကဓံတွေကိုရင်ဆိုင်ရာမှာ ဒီပုံပြင်ကို မင်းသုံးချင်တာတွေ့ရတယ်။ နှလုံးသားနဲ့ရော ဦးနှောက်နဲ့ပါ နားထောင်ရင် မင်းကို အထောက်အကူဖြစ်မယ်။ ပုံပြင်ထဲမှာ မင်းရဲ့ကိုယ်တွေ့ကို ထည့်ကြည့်၊ ဒါမှ မင်းအတွက် မှန်တယ် မမှန်ဘူးဆိုတာ သိမှာ"

"ဒီဇာတ်လမ်းထဲက ဉာဏ်ပညာတွေဟာ တကယ်တော့ ထပ်နေပါပြီ။ နည်းနည်းလောက်ပဲ ကွာတယ်"

မိုက်ကယ်လ်က "ဘာလို့ထပ်တာလဲ" ဟုမေးသည်။ "ငါ့အတွက်က ထပ်တလဲလဲ ဖြစ်နေတော့ မှတ်မိလွယ်တာပေါ့။ မှတ်မိသွားတော့ ပိုလုပ်ဖြစ်သွားတာပေါ့" ဟု သူမကဖြေသည်။

သူမက ဝန်ခံသည်။

"တို့ကပြောင်းလဲရမှာဝန်လေးတယ်၊ ဒါကြောင့် အသစ်တစ်ခုခုကို အမြဲတမ်းကြားချင်တယ်။ တစ်ချိန်မှာ တို့ရဲ့ဝေဖန်တတ်၊ မယုံတတ်တဲ့ စိတ်ကိုကျော်သွားတယ်။ ကိုယ့်စိတ်က စမ်းသပ်တာကိုခံနိုင်တယ်၊ ပိုပြီးရင်းနှီးလာ

mgyoe.com

mgyoe.com



တယ်၊ နှလုံးသားကိုလာထိတယ်၊ ကိုယ့်ဘဝရဲ့ တစ်စိတ် တစ်ဒေသဖြစ်သွားတယ်”

“ဓာတ်လမ်းအကြောင်း၊ အများကြီးစဉ်းစားပြီး တဲ့ အခါ၊ အဲဒီအတိုင်းဖြစ်သွားတာ၊ မင်းကြိုက်ရင် မင်း ဘာသာမင်းလုပ်ကြည့် ရှာဖွေကြည့်ပေါ့”


မိုက်ကယ်လ်က “ဓာတ်လမ်းလေးတစ်ခုက အများကြီး ပြောင်းလဲသွားအောင်လုပ်နိုင်တယ်လို့ ခင်ဗျား တကယ်ထင်သလား၊ ကျွန်တော်က အခု အတော်လေး ဒုက္ခတွေ့နေတာ”

အန်က “ဒီအတိုင်းဆိုရင်၊ မင်းမှာ နောက်ထပ် ဘာကြီး ဆုံးရှုံးစရာအကြောင်းရှိသလဲ၊ တို့မင်းကို ပြောနိုင် တာကတော့ ဒီဓာတ်လမ်းကရတဲ့ သင်ခန်းစာကို မင်း အသုံးချကြည့်တဲ့အခါ အများကြီးအကျိုးရှိတယ်ဆိုတာပဲ။ တချို့လူတွေက နည်းနည်းရတယ်၊ အများကြီးရတဲ့သူက ရတယ်။ အရေးကြီးတာက ဓာတ်လမ်းမဟုတ်ဘူး”

❖

mgyoe.com

mgyoe.com



## အခန်း ၁

# ချိုင့်ဝှမ်းထဲမှာ စိတ်ဆင်းရဲရ

တစ်ခါက ချိုင့်ဝှမ်းများထဲတွင် မပျော်မရွှင် နေနေရသည့် လူငယ်တစ်ယောက်ရှိသည်။ တစ်နေ့သ၌ သူသည် တောင်ထိပ်၌ အဘိုးအိုတစ်ဦးကို သွားတွေ့သည်။ သူငယ်ငယ်က သူ၏ချိုင့်ဝှမ်းထဲတွင် ပျော်ပျော်ရွှင်ရွှင်နေခဲ့ဖူးသည်။ မြက်ခင်းတွေ၊ ချုံတွေထဲမှာ ကစားလိုက်၊ မြစ်ထဲဆင်းပြီး ရေကူးလိုက်နှင့် နေခဲ့သည်။

သူသိသမျှ ကမ္ဘာဆိုသည်မှာ ချိုင့်ဝှမ်းလေးပင်ဖြစ်သည်။ သူ့ဘဝတစ်လျှောက်လုံးလည်း ချိုင့်ဝှမ်းထဲမှာသာ နေရမည်ဟု ထင်ထားခဲ့သည်။

ချိုင့်ဝှမ်းထဲမှာက တစ်ခါတစ်ရံ တိမ်ထူသည်၊ တစ်ခါတစ်ရံ နေသာသည်။ သို့သော် တစ်နေ့လာလည်း ဒီအတိုင်း၊ နောက်တစ်နေ့လည်း ဒီအတိုင်း မပြောင်းမလဲ နေနေရသည်ကို သူပျော်မွေ့သည်။ သို့သော် သူ ကြီးကြီးလာသည်နှင့်အမျှ ကောင်းတာတွေ နေချင်စရာတွေထက်

mgyoe.com

mgyoe.com



မကောင်းတာတွေ၊ မမေ့ချင်စရာတွေကို ပိုပိုပြီးတွေ့လာသည်။ အရင်တုံးက ဘာလို့မကောင်းတာတွေ မမြင်ခဲ့ မတွေ့ခဲ့ရသည်ကို သဘောမပေါက်။

ကြာလာလေ ချိုင့်ဝှမ်းထဲမှာ အလုပ်တွေကို အမျိုးမျိုးပြောင်းလုပ်သည်။ သို့သော် မည်သည့် အလုပ်ကမျှ သူမျှော်လင့်သလိုဖြစ်မလာ။ အလုပ်တစ်ခုတွင် သူ့အထက်လူကြီးက သူ မှားမှားယွင်းယွင်းလုပ်ခဲ့သမျှကို အမြဲတမ်းဝေဖန်နေပြီး ကောင်းကောင်းမွန်မွန် မှန်မှန်ကန်ကန်တွေ လုပ်တာအားလုံးကို ဘယ်တော့မှ ဂရုမစိုက်။ အခြားအလုပ်တစ်ခု၌ သူသည် ကြိုးစားပမ်းစား အလုပ်လုပ်လုပ် မလုပ်လုပ်၊ ဘယ်သူကမျှ ဂရုမစိုက်သော ဝန်ထမ်းပေါင်းများစွာထဲက တစ်ယောက်ဖြစ်နေသည်။ သူလုပ်သမျှ သူ့အတွက်လဲ အရာမထင်။

တစ်ခါကတော့ သူရှာနေတာ နောက်ဆုံးမှာ တွေ့ပြီလို့ထင်ခဲ့တယ်။ သူ့ကို စိန်ခေါ်ကြ၊ တန်ဖိုးထားကြသည်ဟုထင်သည်။ လုပ်ရည်ကိုင်ရည်ရှိသော ဝန်ထမ်းတွေနှင့်အတူ အလုပ်လုပ်ရသည်။ ကုမ္ပဏီ၏ ထွက်ကုန်ပစ္စည်းတွေအတွက်လည်း ဂုဏ်ယူခဲ့သည်။ တဖြည်းဖြည်းချင်း ရာထူးတက်လာရာ ဌာနငယ်တစ်ခု၏ မန်နေဂျာဖြစ်လာခဲ့သည်။

ကံဆိုးသည်က ထိုအလုပ်သည် မလုံခြုံဟု သူကမြင်သည်။ သူ၏ ပုဂ္ဂလိကဘဝသည်လည်း ပိုကောင်းမလာ။ စိတ်ပျက်စရာတွေ တစ်ခုပြီးတစ်ခုက

mgyoe.com

mgyoe.com



ဆက်နေသည်။ သူ့မိတ်ဆွေတွေက သူ့ကို နားမလည်ဟု ထင်သည်။ သူ့မိသားစုက သူ့ကို အဆင့်တစ်ဆင့်မှာ ဖြတ်သန်းနေသည်ဟု ပြောသည်။ တခြားတစ်နေရာရာမှာ ပိုပြီးကောင်းလေမလားဟု လူငယ်ကတွေးသည်။

တစ်ခါတစ်ရံ သစ်ပင်ရိပ်မှာရပ်ပြီး တောင်ကြားကို မိုးထားသော အထင်ကရ၊ တောင်ကုန်းတောင်တန်းကြီးတွေကို မော့ကြည့်တတ်သည်။ သူ့ကိုယ်သူ အနီးအနားက တောင်ကုန်းတစ်ခုပေါ်မှာ ရပ်နေသလို တွေးကြည့်သည်။ ခဏတာမျှ သူစိတ်သက်သာရာရသည်။

သို့သော် တောင်ထိပ်တွေနှင့် သူ့ချိုင့်ဝှမ်းကို ယှဉ်ကြည့်လေ စိတ်မသက်မသာပိုဖြစ်လေ။ တောင်ထိပ်သွားဖို့အရေး သူ့မိဘတွေ၊ မိတ်ဆွေတွေကို ပြောကြည့်သည်။ သူတို့က တောင်ထိပ်ကိုရောက်ရန် အလွန်ခက်ကြောင်း၊ တောင်ကြားထဲမှာပဲ အေးအေးဆေးဆေးနေရတာကောင်းကြောင်း ပြောပြကြသည်။ သူတို့မရောက်ဖူးသည့်နေရာကို မသွားဖို့ပြောကြသည်။

လူငယ်သည်သူ့မိဘတွေကို ချစ်သည်။ သူတို့ပြောတာမှန်သင့်သလောက်မှန်သည်ကိုလည်း သိသည်။ သို့သော် သူသည် သူ့အဖေ သူ့အမေတို့နှင့်မတူသောသူဖြစ်သည်ကိုလည်း သိသည်။ တစ်ခါတစ်ရံ၌ တောင်ကြား၏အပြင်ဘက်တွင် တမျိုးတစ်ဖုံကွဲပြားသော ဘဝနေပုံနေနည်းတွေရှိရမည်ဟု သူထင်သည်။ ထိုလောကကို သူကိုယ်တိုင် ရှာဖွေကြည့်ချင်သည်။ တောင်ကုန်းထိပ်က

mgyoe.com

mgyoe.com



ကြည့်လျှင် ကမ္ဘာကြီး လောကကြီးကို ကောင်းကောင်း မြင်ရနိုင်သည်။

သို့သော်မကြာမီမှာပင် သံသယတွေအကြောက်တရားတွေ ပြန်ဝင်လာသည်။ သူရောက်နေသည့် နေရာမှာပင် နေရတော့မည်ဟုဆင်မိသည်။ တော်တော်လေးကြာသည်အထိ လူငယ်သည် တောင်ကြားလေး ချိုင့်ဝှမ်းလေးထဲက ထွက်မသွားနိုင်။ သည်လိုနှင့် တစ်ရက်တွင် သူ့ငယ်ဘဝကို ပြန်စဉ်းစားကြည့်သည့်အခါ အများကြီးပြောင်းလဲ သွားပြီဖြစ်ကြောင်း၊ သဘောပေါက်လိုက်သည်။ သူငြိမ်းငြိမ်းချမ်းချမ်း အေးအေးဆေးဆေး မနေနိုင်တော့၊ ဘာလို့ သူစိတ်ပြောင်းသွားသည်ကို သူမသိ၊ သို့သော် တောင်ထိပ်ပေါ်သွားကြည့်မည်ဟု ချက်ချင်းဆုံးဖြတ်လိုက်သည်။ သူ့အကြောက်တရားတွေကို ခါချလိုက်ပြီး မြန်နိုင်သမျှအမြန်ဆုံးသွားရန် အဆင်သင့်ဖြစ်နေသည်။ ထို့နောက် အနီးဆုံးတောင်ထိပ်သို့ ထွက်လာခဲ့သည်။

လွယ်သည့် ခရီးတော့မဟုတ်ပါ။ တောင်ကုန်းအတက်တစ်ဝက်ခန့်ရောက်ဖို့အရေးသည်၊ သူထင်ထားသည်ထက်ကြာနေသည်။ သို့သော် အမြင့်ရောက်လေလတ်ဆတ်အေးမြသော လေအေးက သူ့ကိုအမောပြေစေသည်။ အပေါ်ကတက်ကြည့်လျှင် သူ့တောင်ကြားသည် သေးသေးလေးဖြစ်သွားသည်။ တောင်ကြားလေးထဲမှာ သူရှိစဉ်က လေ သန့်ရှင်းသင့်သလောက် သန့်ရှင်းပါသည်။ သို့သော် တောင်ကြားကို အပေါ်မှ ဆီးကြည့်

mgyoe.com

mgyoe.com




သည့်အခါ ညစ်နွမ်းညိုမှိုင်းသော လေထုတွေ ဝိုင်းရံနေသည်ကို တွေ့ရသည်။ ထို့နောက် လှည့်ပြီး ဆက်တက်လာခဲ့သည်။ အပေါ်ရောက်လာလေ ပိုပြီးမြင့်လာရလေ။

ရုတ်တရက် သူတက်လာခဲ့သော မြေလမ်းလေး ဆုံးသွားသည်။ လမ်းဆုံးသွားတော့ နေပြောက်မတိုးအောင် ထူထဲလှသော သစ်တောအုပ်အောက်တွင် လမ်းပျောက်နေသည်။ ပြန်ထွက်ရမည့်လမ်း ရှာမတွေ့မည်ကို စိုးရိမ်နေမိသည်။ ဤသို့ဖြင့် သူသည် အန္တရာယ်ကြီးလောက်အောင် မတ်စောက်သော လမ်းအတိုင်း တက်မည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုသို့ တက်လိုက်တော့ လဲကျသည်။ ပွန်းပဲ့၍ သွေးထွက်သော်လည်း သူက ပြန်ထပြီး ဆက်တက်သည်။ နောက်ဆုံးတွင် သူ လမ်းသစ်လေးတစ်ခုကို တွေ့သည်။ တောင်ကြားထဲက လူတွေသတိပေးသံကို သူပြန်လည်ကြားယောင်လာသည်။ သတ္တိမွေးပြီး ဆက်တက်သည်။ အမြင့်ရောက်လေ ပိုပျော်လာလေ။ တောင်ကြားနှင့် သူ၏အကြောက်တရားတွေ ထားခဲ့နိုင်ခဲ့ပြီကိုသိပြီး ပျော်နေသည်။ နေရာသစ်တစ်ခုကို ရောက်လုပြီ။ တိမ်တွေအပေါ်ရောက်သည့်အခါ၊ အလွန်သာယာလှပသည့်နေ့တစ်နေ့ဖြစ်ကာ နေဝင်ချိန်ကို တောင်ထိပ်မှ ကြည့်လိုက်ရလျှင် မည်မျှသာယာလှပမည်ကို တွေးမိသည်။ စောင့်ပင်မစောင့်ချင်။

❖

mgyoe.com

mgyoe.com



## အခန်း ၂

# အဖြေရှာခြင်း

လူငယ်စိတ်တက်ကြွနေသော်လည်း အမှောင်ကျလာသည်အထိ တောင်ထိပ်သို့မရောက်။ သူက ထိုင်ချလိုက်ကာ 'လွဲပြီကွာ' ဟုအော်လိုက်သည်။ အမှောင်ထဲမှ အသံတစ်သံက 'ဘာလွဲတာလဲ' ဟုမေးသည်။ အထိတ်တလန့်ဖြစ်ကာ လူငယ်လှည့်ကြည့်လိုက်သောအခါ၊ ပေအနည်းငယ်က ကျောက်ဆောင်ကြီးတစ်ခုပေါ်တွင် အဘိုးအို တစ်ယောက်ထိုင်နေသည်ကို တွေ့ရသည်။

လူငယ်က "စိတ်မရှိပါနဲ့ဗျာ၊ ခင်ဗျားထိုင်နေတာကို စောစောက ကျွန်တော်မမြင်မိဘူး။ တောင်ထိပ်ကနေ နေဝင်တာကိုကြည့်ချင်တာ မမီလိုက်ဘူးလေ။ ဒါ ကျွန်တော့်အတွက် နိမိတ်ဆိုးဖြစ်မှာစိုးတယ်"

အဘိုးအိုက ရယ်လိုက်ပြီး "မင်းဘယ်လိုခံစားရတယ်ဆိုတာ ငါသိပါတယ်" ဟုပြောသည်။

mgyoe.com

mgyoe.com



ထိုအချိန်က လူငယ်သည် ကမ္ဘာပေါ်တွင် အငြိမ်းချမ်းဆုံးနှင့် အအောင်မြင်ဆုံးလူတစ်ယောက်ကို တွေ့ရှိခြင်းဖြစ်ကြောင်း မသိရ။ သူသည် သာမန်လူကြီး တစ်ယောက်လိုသာ ဖြစ်နေသည်။

ခဏကြာသည့်အခါ၊ အဘိုးအိုက "အခုမြင်ရတဲ့ ရှုခင်းကိုရော ဘယ်လိုမြင်သလဲ" ဟုမေးသည်။ လူငယ်က 'ဘယ်ရှုခင်းလဲဗျ' ဟု ပြန်မေးသည်။ အမှောင်ထဲသို့ လှမ်းကြည့်တော့ မှောင်မည်းနေသဖြင့် ဘာရှုခင်းမျှ မတွေ့ရ။ ထိုမိတ်ဆွေသစ်သည် ဘယ်လိုလူပါလိမ့်ဟု စဉ်းစားစပြုလာသည်။ အဘိုးအိုက နောက်ကိုမှီလိုက်ပြီး ကောင်းကင်ကို မော့ကြည့်သည်။ လူငယ်ကလည်း ကောင်းကင်ကိုမော့ကြည့်သောအခါ ကောင်းကင်တွင် ကြယ်တွေ မိုတ်တုတ်မိုတ်တုတ် ဖြစ်နေသည်ကို မြင်ရသည်။

"လှရဲ့လားကွဲ့" ဟု အဘိုးအိုက မေးလိုက်သည်။ "ဟုတ်တယ်ဗျ"ဟု လူငယ်က အားရဝမ်းသာ ဖြေသည်။ ကြယ်တွေကို ငေးကြည့်ရင်း၊ ငြိမ်းချမ်းသော တဒင်္ဂကို သူ ခံစားရသည်။ "သူတို့ဟာ အဲဒီမှာ အမြဲတမ်း ရှိနေကြတာ မဟုတ်လား" ဟု မေးလိုက်သည်။

"ဟုတ်လည်း ဟုတ်တယ်၊ ဟုတ်လည်း မဟုတ်ဘူး၊ သူတို့က အမြဲတမ်းအဲဒီနေရာမှာ ရှိနေကြတယ်၊ ကိုယ်ရှာနေတာကိုပြောင်းကြည့်ဖို့ပဲလိုတယ်။ မဟုတ်ဘူးလို့ ပြောရတာကတော့ သိပ္ပံပညာရှင်တွေရဲ့ အလိုအရဆိုရင် အခုတွေ့နေရတဲ့ အလင်းရောင်အများစုဟာ အခု

mgyoe.com

mgyoe.com



မရှိတော့ဘဲ ကြွေသွားဟဲ့ နှစ်သန်းပေါင်းများစွာက ကြယ်တွေရဲ့ အလင်းရောင်တွေပဲ"

လူငယ်က ခေါင်းခါလိုက်ကာ "ဘယ်ဟာကအရှိ၊ ဘယ်ဟာကမရှိတော့သလဲဆိုတာ သိဖို့က အခက်သား"

အဘိုးအိုက ဘာမျှမပြောဘဲ ပြုံးနေသည်။

ဘာလို့ ပြုံးတာလဲဟု လူငယ်က မေးသောအခါ "မင်းအသက် အရွယ်တုန်းက ငါလည်းမင်းလိုပဲ မကြာခဏ ခံစားရတယ်ဆိုတာ သတိရလို့ပါ။ စိတ်ကူးယဉ်တွေထဲက အရှိတရားတွေကို ရွေးထုတ်ဖို့ ကြိုးစားတဲ့ ကာလတွေပေါ့"

ခဏမျှ တိတ်တိတ်ဆိတ်ဆိတ် ထိုင်ငေးနေကြသည်။ ကောင်းကင်က အလင်းတန်းပြပွဲကို ခံစားနေကြသည်။ ထို့နောက် အဘိုးအိုက "ဘာလို့ တောင်ထိပ်ကို တက်လာရတာလဲ" ဟု မေးလိုက်သည်။

"ဘာရယ်ထွေထွေထူးထူး မဟုတ်ပါဘူးဗျာ" ဟု လူငယ်က ဖြေလိုက်သည်။ "ကျွန်တော် တစ်စုံတစ်ရာကို ရှာနေတယ်ထင်တာပဲ"

သူက တောင်ကြားထဲမှာ သူ မပျော်မွေ့သည့် အကြောင်း၊ ပိုကောင်းသည့်နေရာတစ်နေရာ ရှိမည်ဟု ထင်ကြောင်းတွေ ပြောပြသည်။ သူစမ်းလုပ်ကြည့်ခဲ့သည့် အလုပ်တွေ၊ အဆင်မပြေခဲ့သည့် ဆက်ဆံရေးတွေ၊ သူ့ အစွမ်းအစကို အသုံးမချရတာတွေကို လျှောက်ပြောပြသည်။ ယခုမှတွေ့သော လူစိမ်းတစ်ယောက်ကို အိတ်သွန် ဖာမှောက်ပြောနေသည်ကို သတိထားမိသောအခါ အထိတ်

mgyoe.com

mgyoe.com



တလန့်ပင်ဖြစ်သွားသည်။

အဘိုးအိုက သေသေချာချာနားထောင်သည်။ လူငယ်စကားဆုံးတော့ "ငါလည်းမင်းလို မကြာခဏ စိတ်ဓာတ်ကျဖူးတာကို မှတ်မိတယ်။ ပထမဆုံး အလုပ်ဖြုတ်ခံရတာကို ကောင်းကောင်းကြီး သတိရနေတယ်။ တော်တော်ဆိုးတာကွ၊ အတတ်နိုင်ဆုံးကြိုးစားပေမဲ့ အလုပ်က ရှာလို့ကို မရပါဘူးကွာ"

"အဲဒီတော့ ခင်ဗျားဘာလုပ်သလဲ"

"ကြာလာတော့ စိတ်ဓာတ်တွေကျ၊ ဒေါသလည်းကြီး၊ အစစ အရာရာ အဆင်မပြေဖြစ်တဲ့တစ်ချိန်မှာ ငါဘယ်တော့မှ မေ့နိုင်မှာမဟုတ်တဲ့လူတစ်ယောက်က အစစအရာရာကို ပြောင်းလဲသွားစေနိုင်တာ တစ်ခု ပြောပြတယ်"

လူငယ်က "အဲဒါ ဘာလဲဗျ"ဟု မေးသည်။

"သူက ခေတ်ကောင်းခေတ်ဆိုးတွေအတွက် တောင်ထိပ်နှင့် တောင်ကြားလေ့လာနည်းလို့ခေါ်တဲ့ အကြောင်းတွေပေါ့"

သူကပြောတယ်၊ တောင်ထိပ်နဲ့တောင်ကြား လေ့လာနည်းကို အလုပ်ခွင်မှာရော၊ ကိုယ်ရေးကိုယ်တာ ကိစ္စတွေမှာပါ အသုံးများလာလေ ပိုပြီးငြိမ်းချမ်းတဲ့သူ ပိုပြီး အောင်မြင်တဲ့သူ ဖြစ်လာလေပဲ" တဲ့။

အဘိုးက ထပ်ပြောသည်။ "အစတော့၊ ငါလည်း မယုံဘူး။ ဒါပေမဲ့ သူပြောတာမှန်တဲ့အကြောင်း တွေ့လာ

mgyoe.com

mgyoe.com



ရတယ်။ ငါ့အလုပ်ခွင်မှာရော၊ ကိုယ့်ဘဝမှာပါ ထူးထူး ခြားခြား ဂယက်ရိုက်ခတ်မှုတွေရှိတယ်"

"ဘယ်လိုဖြစ်တာလဲ" လူငယ်က သိချင်စိတ်တွေ တဖွားဖွားတိုးပွားလာနေသည်။

"အဲဒါကြောင့် ဘဝရဲ့ အတက်အကျတွေ အပေါ် ငါ ရှုမြင်ပုံပြောင်းသွားတယ်။ သူ့ကျေးဇူးကြောင့် ငါ ဘယ်လိုလုပ်သလဲဆိုတဲ့ လုပ်ပုံကိုင်ပုံလဲပြောင်းသွားတယ်"

"ဘယ်လိုလုပ်ပြီး ပြောင်းတာလဲဗျ"

"ငါ့မိတ်ဆွေက ကိစ္စသုံးခုကို ရှာတွေ့အောင် အကူအညီပေးတယ်။ တောင်ကြားထဲက မြန်မြန် ထွက်ရအောင် လုပ်တဲ့နည်း၊ တောင်ထိပ်မှာ ကြာကြာနေရတဲ့နည်း၊ အနာဂတ်မှာ တောင်ထိပ်များများ၊ တောင်ကြားနည်းနည်း တွေ့ရတဲ့ နည်းတွေပဲ"

လူငယ်က ထိုနည်းများသည် မယုံနိုင်လောက်အောင် ကောင်းလွန်းသော နည်းတွေများဖြစ်နေမလားဟု တွေးမိသည်။ သို့သော် သူကိုယ်တိုင်ကလိုက်၍ အဖြေရှာနေကာ သိလည်းသိချင်သဖြင့် "ကျွန်တော့်ကို ပြောပြပါလား" ဟု ပြောလိုက်သည်။

"ရပါတယ်။ ဒါပေမဲ့ စည်းကမ်းချက်တစ်ခုတော့ လိုက်နာရမယ်။ အသုံးဝင်ရင် သူများကို ဝေမျှပေးရမယ်၊ လိုက်နာနိုင်ပါ့မလား"

လူငယ်က "သူများတွေကို ဘာလို့ ဝေငှပေးရမှာလဲဗျ"

mgyoe.com

mgyoe.com



"အကြောင်းနှစ်ခု ရှိတယ်ကွ။ တစ်ခုက သူတို့ကို ကူညီဖို့၊ နောက်တစ်ခုက ကိုယ့်ကိုယ်ကို ကူညီဖို့။ ကိုယ့်အနားကလူတွေက အဆင်ပြေတဲ့ အချိန်တွေ အဆင်မပြေတဲ့အချိန်တွေမှာ ဘယ်လိုနေရမလဲဆိုတာသိရင် သူတို့သောကသိပ်မများဘဲ လုပ်ပုံကိုင်ပုံတွေကောင်းလာမယ်။ အဲဒီအခါ သူတို့နဲ့အတူနေရ အလုပ်လုပ်ရတာ ပျော်စရာကောင်းတယ်"

လူငယ်က ထိုနည်း သူ့အတွက် အသုံးတည့်လျှင်၊ အခြားသူများကိုပါ ပြောပြပါမည်ဟု ကတိပေးလိုက်သည်။ အဘိုးအိုက 'ဒီလိုစရင်ကောင်းမယ်ထင်ဟယ်' ဟု ပြောကာ စလိုက်သည်။

နေရာတိုင်းက လူတိုင်းမှာ အလုပ်ထဲမှာ ဘဝမှာ တောင်ထိပ်တွေ၊ တောင်ကြားတွေရှိတာ သဘာဝကျသည်။ လူငယ်က စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။ သူမျှော်လင့်နေသော အဖြေမှာ ထိုသို့မဟုတ်။

"တောင်ထိပ်တွေ တောင်ကြားတွေဆိုတာ ဘာကိုတိတိကျကျဆိုလိုချင်တာလဲဗျ" ဟု သူကမေးလိုက်သည်။

"အလုပ်ခွင်မှာရော ဘဝမှာရော တွေ့ကြုံခံစားရတဲ့ အနိမ့်အမြင့်တွေကို ပုဂ္ဂိုလ်ရေးတောင်ထိပ်တွေ တောင်ကြားတွေကို ဆိုလိုတာ၊ ဒီကာလကောင်း ကာလညံ့တွေဟာ မိနစ်ပိုင်းလောက်ပဲ ကြာချင်ကြာမယ်။ လချီပြီး ကြာချင်လည်းကြာမယ်၊ ဒီ့ထက်လည်း ပိုကြာနိုင်တယ်"

mgyoe.com

mgyoe.com



ပုဂ္ဂိုလ်ရေး တောင်ထိပ်တွေ၊ တောင်ကြားတွေဟာ မြေမျက်နှာပြင်မှာ တွေ့ရတဲ့ ပထဝီတောင်ထိပ်တွေ တောင်ကြားတွေလိုပဲ၊ သဘာဝကျတယ်။ အနိမ့်အမြင့် အတက်အကျတွေဟာ ဘဝတစ်လျှောက်မှာ ပြန့်ကျဲနေပြီး၊ တစ်ခုနဲ့တစ်ခုလည်း အဆက်အသွယ်ရှိတယ်။ ဘဝရဲ့ လုပ်ငန်းခွင်ရဲ့ နယ်ပယ်တစ်ခုမှာ အတက်နဲ့ကြုံနေပြီး နောက် တစ်နေရာမှာ အကျနဲ့ ကြုံနိုင်တယ်။ ဒါဟာ သဘာဝကျတယ်။ ကမ္ဘာပေါ်က လူမျိုးတိုင်း ယဉ်ကျေးမှုတိုင်းမှာ ရှိတယ်။ ဒါဟာ လူ့ဘဝရဲ့ တစ်စိတ်တစ်ဒေသပဲ"

လူငယ်က သက်ပြင်းချပြီး ပြောလိုက်သည်။

"ဒါဆို–ကျွန်တော်တစ်ယောက်ထဲ မဟုတ်ဘူးပေါ့"

အဘိုးအိုက ရယ်လိုက်သည်။ "နီးတောင်မနီးစပ်ဘူး၊ တစ်ခါတစ်လေမှာတော့ ငါတစ်ယောက်တည်းရွေးပြီး ဖြစ်နေတာလို့ ထင်ကောင်းထင်တယ်"

"တစ်ယောက်နဲ့တစ်ယောက် အတက်အကျ ကြုံရတာတွေမတူဘူး။ ဘာလို့လဲဆိုတော့ လူနှစ်ယောက်ရဲ့ အတွေ့အကြုံကလည်း ဘယ်တော့မှ ထပ်တူမကျလို့ပဲ၊ အခြေအနေတူတွေ့ရတာတောင် အတွေ့အကြုံမတူဘူး"

"ဒီလို စဉ်းစားကြည့်"

တောင်ထိပ်တွေ၊ တောင်ကုန်းတွေသည် ကိုယ်တွေ့နေရသော ကာလကောင်း၊ ကာလဆိုးတွေမျှသာ မဟုတ်၊

ပြင်ပဖြစ်ရပ်တွေကို ကိုယ်တွင်းက ဘယ်လို-

mgyoe.com

mgyoe.com


ခံစား ဘယ်လိုတုံ့ပြန် ခြင်းလည်းဖြစ်သည်။မင်းဘယ်လို ခံစားရသလဲဆိုတာက အခြေအနေကို မင်းဘယ်လို မြင်လဲ ဆိုတဲ့အပေါ်မှာ အများကြီးမူတည်တယ်။ အဓိကကျ တာက ကိုယ်ဘာဖြစ်သလဲဆိုတာနဲ့ ကိုယ်ဟာ လူ တစ် ယောက် အနေနဲ့ ဘယ်လောက်ကောင်း၊ ဘယ်လောက် တန်ကြေးရှိသလဲဆိုတာ ခွဲနိုင်ရမယ်"

အဘိုးအိုကဆက်ပြောသည်။ "အခြေအနေဆိုးနဲ့ ရင်ဆိုင်နေရချိန်မှာတောင်မှ ကိုယ့်ဘာသာကိုယ် နေသာ ထိုင်သာရှိနေနိုင်တယ်"

လူငယ်က ထပ်ပြီးစကားဖြတ်ပြောသည်။

"ခင်ဗျားဆိုလိုချင်တာက တောင်ကြားထဲမှာ အခြေအနေမကောင်း အဆင်မပြေတာတောင်မှ ကျွန်တော် ပျော်ပျော်ရွှင်ရွှင် ဖြစ်နေဖို့ကောင်းတယ်လို့ ပြောချင်တာလား၊ ခင်ဗျားနဲ့ သဘောထားချင်းမလွဲချင်ပါဘူးဗျာ၊ ဒါပေမဲ့ ကျွန်တော်သဘောမတူဘူး။ တောင်ကြားထဲမှာ၊ ဘာမှ အဆင်မပြေဘူးဗျ။ ခင်ဗျားက တောင်ထိပ်မှာ ထိုင်နေပြီး တော့ ပြောအားရှိမှာပေါ့။ ခင်ဗျားရဲ့တောင်ထိပ်ကဘဝနဲ့ ကျွန်တော့်ရဲ့တောင်ကြားကဘဝက ဘာမှမဆိုင်တာ။ ကျွန်တော်လာခဲ့ရတဲ့ဘဝနဲ့ ခင်ဗျားဘဝက တခြားစီပဲ"

အဘိုးအိုက လူငယ်၏ပေါက်ကွဲမှုကြောင့်၊ စိတ် အနှောက်အယှက်ဖြစ်ပုံမရ။ အေးအေးဆေးဆေးရှိနေသည်။ အတော်လေးကြာတော့မှ လူငယ်လည်း တည်တည် ငြိမ်ငြိမ် ဖြစ်လာသည်။ သူစိတ်မထိန်းနိုင်ဖြစ်သွားသည်ကို

mgyoe.com

mgyoe.com

အရှက်ရကာ "စိတ်မဆိုးပါနဲ့ဗျာ၊ ကျွန်တော်စိတ်ခေတ်ကျနေတာ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ ကျွန်တော်ထင်တာထက် နည်းနည်းပိုပြီး၊ ဒေါသဖြစ်နေတယ်"

အဘိုးအိုက "ငါ–နားလည်နိုင်ပါတယ်" ဆိုပြီး၊ ခေါင်းညိတ်သည်။ "ဒီတော့မင်းက၊ တောင်ထိပ်ပေါ်က ငါ့ဘဝနဲ့ တောင်အောက်က မင်းဘဝ ဘာမျှအဆက်အစပ်မရှိဘူးလို့ မင်းထင်နေတယ်ပေါ့။ မင်းကို တစ်ခုလောက်မေးကြည့်မယ်"

"မင်းတောင်ပေါ်ကိုတက်လာတော့ မင်းရဲ့တောင်ကြားနဲ့ ဒီတောင်ထိပ်ကို ခြားထားတဲ့ တွင်းနက်ကြီးတစ်တွင်း ချောက်ကြီးတစ်ချောက်ခြားထားတာ၊ သတိထားမိရဲ့လား"

"သတိမထားမိဘူးဗျ၊ ဘယ်နားမှာလဲ"

အဘိုးအိုက ဘာမျှပြန်မဖြေ၊ လူငယ်က စဉ်းစားပြီးနောက် ရယ်လိုက်သည်။

"ရှိမှမရှိတာ၊ ဘယ်တွေ့မလဲဗျ"

"ဟုတ်ပြီ"

"ဘာလို့လဲဆိုတော့ တောင်ထိပ်တွေနဲ့ တောင်ကြားတွေက ဆက်နေတာကိုး"

အဘိုးအိုကပြုံးပြီး "သေသေချာချာ သတိထားကြည့်ပါ။ တောင်ကြားရဲ့အမြင့်ဆုံးက ဘယ်နားမှာစပြီး တောင်ကုန်းရဲ့အနိမ့်ဆုံးက ဘယ်နားမှာစတယ်လို့ ဘယ်သူပြောနိုင်သလဲ"

mgyoe.com

mgyoe.com



အဓိကကျတာက မြေပြင်က တောင်ထိပ်တွေ တောင်ကြားတွေသာမက ကိုယ့်ဘဝရဲ့တောင်ထိပ်တွေ တောင်ကြားတွေဟာလည်း ဆက်စပ်နေတယ်။ ဘယ်လို ဆက်စပ်နေတယ်ဆိုတာကို နားလည်ရမယ်။ ထို့နောက် သူက ပြောပြီးသမျှကို ချုံ့ရှင်းပြသည်။

တောင်ထိပ်တွေ တောင်ကြားတွေက ယနေ့ အချိန်ကောင်းတွင် လုပ်မိသောအမှားတွေကြောင့် မနက်ဖြန် ကာလဆိုးတွေကို ဖြစ်စေသည်။ ယနေ့ကာလဆိုးတွင် ဉာဏ်ပညာဖြင့်ဆင်ခြင် လုပ်သောကြောင့် မနက်ဖြန် ခေတ်ကောင်းကို ဖန်တီးသည်။

"သာဓကအနေနဲ့ပြောရရင် တောင်ထိပ်နဲ့ တောင်ကြားနည်းကို ကာလဆိုးတစ်ခုမှာသုံးရင် အခြေခံကျကျ ကောင်းကောင်းလုပ်မယ်၊ အရေးကြီးတာတွေပဲ လုပ်မယ်"

လူငယ်က ထပ်ဖြည့်လိုက်သည်။ "... အဲဒီတော့ နောင်အခါမှာ ကာလကောင်းတွေကို ဖန်တီးပြီးသား ဖြစ်သွားမယ်" ပေါ့။

"ဟုတ်တယ် ဒါပေမဲ့ လူအတော်များများ ခေတ်ကောင်းနဲ့ကြုံတဲ့အခါ ကောင်းကောင်း မစီမံတတ် မခန့်ခွဲတတ်ကြဘူး။ ကာလဆိုးတွေနဲ့ ကြုံအောင်လုပ်နေမှန်း သဘောမပေါက်ကြဘူး။ စွမ်းအားစုတွေအများကြီး ဖြုန်းပစ်ကြတယ်။ အခြေခံကနေလွဲချော်ကုန်ကြတယ်။ အရေးကြီးတာကို ဥပေက္ခာပြုထားတတ်ကြတယ်။ အဲဒီ တော့ ဘာဖြစ်မယ်ထင်သလဲ"

mgyoe.com

mgyoe.com



လူငယ်က "ကာလဆိုးနဲ့ ပြန်တွေ့တာပေါ့"

လူငယ်က ဤအတွေးအခေါ် မှန်ကန်ပုံရသည်ဟု ဝန်ခံလိုသည်။ 'ဒီတော့–ကျွန်တော်တို့ သဘောပေါက်ထားတာထက် ကိုယ့်ကာလကောင်း၊ ကာလဆိုးတွေကို ကိုယ်တိုင်ပဲဖန်တီးနေကြတယ်ပေါ့။

"အတိအကျမှန်တာပေါ့" အဘိုးအိုက အားရဝမ်းသာပြောလိုက်သည်။ လူငယ်က သူ့ဘာသာသူ သဘောပေါက်သွားသည်ကိုကြည့်ရင်း၊ သူ့မျက်လုံးတွေ အရောင်တောက်လာသည်။ 'ဒီညအတွက်တော့ ဒီလောက်ဆို တော်လောက်ပြီထင်တယ်၊ မင်းသဘောကျရင် မနက်ဖြန်ကျ ဆက်ဆွေးနွေးနိုင်တယ်"

"အများကြီးသဘောကျပါတယ်"

ထို့နောက် အဘိုးအိုက နှုတ်ဆက်ကာထွက်သွားသည်။ လူငယ်က ကိုယ့်ဘာသာကိုယ်တဲထိုးကာ စခန်းချသည်။ ခဏကြာသည့်အခါ မိမိဘဝ၏တောင်ထိပ်များ၊ တောင်ကြားများ မည်သို့ဆက်စပ်နေသည်ကို စဉ်းစားရင်း လူငယ်အိပ်ပျော်သွားသည်။

နောက်တမ်နေ့နံနက်စောစော၌ လူငယ်ကို တိုက်ရန် ကော်ဖီ ဓာတ်ဘူးတစ်ဘူးယူပြီး အဘိုးအိုရောက်လာသည်။ နံနက်စောစော တောက်ပသောနေရောင်အောက်တွင် အဘိုးအို၏မျက်လုံးတွေ ကြည်လင်နေသည်ကို သတိထားမိကာ "ခင်ဗျားကြည့်ရတာ ပျော်နေပုံရတယ်။ ဒီတောင်ထိပ်ပေါ်မှာပဲ နေလို့လား"

mgyoe.com

mgyoe.com



"ဒါကြောင့် ငါပျော်နေတာမဟုတ်ပါဘူး၊ ဒီမှာလည်း အမြဲတမ်းမနေပါဘူး။ ဒီမှာနေဖို့ တောင်ကြားသွားရတယ်။ ပစ္စည်းတွေရှာရတယ်"

လူငယ်က အိပ်ချင်နေဆဲ၊ အဖိုးအိုပြောတာကို ကောင်းကောင်းသဘောမပေါက်။ 'ကျွန်တော်တော့ ဒီမှာတစ်သက်လုံးနေရရင်ပျော်မယ်ထင်တာပဲ'

'မင်းတစ်သက်လုံးမနေနိုင်ပါဘူး။ ဘယ်သူမှ တစ်နေရာတည်းမှာ အကြာကြီးမနေနိုင်ဘူး။ တစ်နေရာတည်းမှာ ကျောက်ချနေတာတောင် မင်းရဲ့နှလုံးသားက ဟိုဟိုဒီဒီ လျှောက်သွားနေတာပဲ"

"အရေးကြီးတာက ကိုယ်ရောက်နေတဲ့နေရာ ကိုယ်ရောက်နေတဲ့ အချိန်ကို တကယ်တန်ဘိုးထားဖို့ ပျော်ပျော်ရွှင်ရွှင်ထားဖို့ပဲ။ ကျွန်တော်တော့၊ အဲဒီ အကြောင်းတွေ မသိဘူး။ ကျွန်တော်သိတာက ဒီလိုလတ်ဆတ်အေးမြတဲ့ လေနဲ့ တောင်ထိပ်မှာ ကျွန်တော်ပျော်နေတယ်ဆိုတာပဲ။ တောင်ကြားထဲမှာ ကျွန်တော်ဘယ်လိုလုပ် ပျော်နိုင်မှာလဲ"

"တကယ်တော့ တောင်ကြားမှာ ဘယ်လိုတွေ့ကြုံသလဲဆိုတာက ဘယ်လောက်ကြာကြာနေသလဲ ဆိုတာနဲ့ ဆက်စပ်တယ်။ တောင်ထိပ်တွေ၊ တောင်ကုန်းတွေကို ဒီလိုစဉ်းစားကြည့်တယ်။

ကိုယ့်မှာရှိသမျှ တန်ဖိုးထားနေသောအချိန်သည် တောင်ထိပ်ရောက်နေခြင်းဖြစ်သည်။

mgyoe.com

mgyoe.com



ကိုယ့်မှာမရှိသည်ကို၊ တမ်းတနေသော အချိန်သည် တောင်ကြားရောက်နေချိန်ဖြစ်သည်။

"စိတ်ဝင်စားစရာကောင်းတယ်ဗျာ"ဟု လူငယ်ကဆိုသည်။ "ဒါပေမဲ့ ကျွန်တော့်အတွက်ကတော့ ကျွန်တော်ဘယ်လိုပဲ တွေးတွေး တောင်ထိပ်ဟာ တောင်ထိပ်၊ တောင်ကုန်းဟာတောင်ကုန်းပဲ ကျွန်တော်တွေးတာနဲ့ ဘယ်လိုလုပ်ပတ်သက်ရမှာလဲ"

အဘိုးအိုက "ဒီတောင်ထိပ်ကိုရောက်လာစဉ်က မင်း ပထမဆုံးပြောတဲ့စကားကိုမှတ်မိလား" လူငယ်က စဉ်းစားကြည့်သော်လည်း မမှတ်မိတော့။

"မင်းက လွဲပြီကွာလို့ ပြောခဲ့တယ်လေ၊ နေဝင်ချိန်လွတ်သွားတာကိုပဲ အာရုံစိုက်ပြီး ကြယ်တွေကို မမြင်ဘူးလေ။ တောင်ထိပ်ရောက်လာတာတောင် မှတ်မှတ် သားသား အထိမ်းအမှတ်မလုပ်ဘူး။ တကယ်လို့ တောင်ထိပ်ရောက်လာတဲ့အခါ လက်တွေကို ခေါင်းပေါ်မှာ မြှောက်ပြီး "ငါကွ" လို့အော်ရင် ဘယ်လိုခံစားရမယ်ထင်သလဲ။

လူငယ်ကသက်ပြင်းချသည်။

"ဒီတော့ ကျွန်တော့်ရဲ့တောင်ထိပ်ကို ကျွန်တော်ပဲ တောင်ကြားဖြစ်အောင်လုပ်ပစ်လိုက်တာပေါ့။ ကျွန်တော် နှစ်ပေါင်းများစွာ အိပ်မက်ခဲ့တဲ့ နေရာကို ရောက်နေတာတောင်မှ ကျွန်တော်အောင်မြင်တယ်လို့ မထင်သေးဘူး"

အဘိုးအိုက "ဟုတ်တယ်၊ အဲဒီအချိန်လေး မင်း စိတ်ထဲမှာ တောင်ကြားတစ်ခု ဖန်တီးလိုက်တယ် မဟုတ်

mgyoe.com

mgyoe.com



လား"

ထို့နောက် အဘိုးအိုက "လူတစ်ယောက်ဟာ သူ့ရဲ့ ထူးချွန်မှုအတွက် ငွေတံဆိပ်ရတာတောင် ဘယ်လိုဖြစ်ပြီး စိတ်မချမ်းမသာဖြစ်နေရသလဲ"

လူငယ်က ခေတ္တမျှတွေးကြည့်ပြီး ဖြေသည်။

"ရွှေတံဆိပ်ရတာနဲ့သွားပြီး ယှဉ်တာကိုး"

ထို့နောက် သူ သဘောပေါက်လိုက်သည်။ တောင်ကြားနည်းနည်းနဲ့ပဲ ကြုံချင်တယ်ဆိုရင် လျှောက်ပြီး ယှဉ်မကြည့်နဲ့ပေါ့။ အဲဒီအချိန်ကာလမှာ ကောင်းနေတာလေးကို ခံစားရင် တောင်ထိပ်ရောက်သလို ခံစားရမှာပေါ့။ ဟုတ်တယ်။ မကောင်းတဲ့အချိန်မှာတောင်မှ တောင်ထိပ်ရောက်သလို ခံစားရနိုင်တယ်။ ဒီလိုစဉ်းစားကြည့်တယ်။

"ပြင်ပဖြစ်ရပ်တွေကို အမြဲတမ်းမထိန်းချုပ်နိုင်မိမိ၏တောင်ထိပ်တွေ၊ တောင်ကြားတွေကို ကိုယ့် ယုံကြည်မှု ကိုယ့်လုပ်ရပ်တို့ဖြင့် ထိန်းချုပ်နိုင်သည်"

လူငယ်က မျက်မှောင်ကြုတ်လိုက်သည်။

"ကျွန်တော် ကောင်းကောင်းနားလည်တယ် မထင်ဘူး။ ကျွန်တော်ဘယ်လိုလုပ်ရမလဲ၊ အဲဒါက ကျွန်တော့်ဘဝနဲ့ ကျွန်တော့်အလုပ်မှာ၊ အထောက်အကူဖြစ်မယ်ဆို"

"ငါလည်း အဲသလိုပဲကွ၊ တောင်ကြားကို တောင်ထိပ်တစ်ခုဖြစ်အောင်လုပ်ဖို့က နှစ်ခုတည်းကတစ်ခုကိုပြောင်းဖို့လိုတယ်။ဘာဖြစ်နေသလဲ၊ ဒါမှမဟုတ် ဘာဖြစ်

mgyoe.com

mgyoe.com



နေသလဲဆိုတာကို ဘယ်လိုခံစားသလဲ၊ တစ်ခုခုကိုပြောင်းရမယ်။

အခြေအနေကို ပြောင်းနိုင်ရင်တော့ အကောင်းဆုံးပေါ့။ အခြေအနေကို မပြောင်းနိုင်ရင်တော့ ကိုယ့်အတွက် အကျိုး ရှိအောင်၊ အခြေအနေကို ဘယ်လိုခံစားမလဲဆိုတာ ရွေးချယ်နိုင်တယ်"

"ဘယ်လိုဗျ"

"ဥပမာကွာ၊ မင်းဟာမင်းရဲ့မိသားစုအတွက် အဓိကငွေကြေးထောက်ပံ့တဲ့သူဖြစ်တယ်။ မင်းမှာ လခကောင်းတဲ့ မြဲမယ်ထင်တဲ့အလုပ်ရှိတယ်။ ဘယ်လိုမှ ကြို မပြောပဲ မင်းအလုပ်ပြုတ်သွားတယ်၊ လောလောဆယ် အလုပ်ရမယ့် အလားအလာမရှိဘူးဆိုရင် မင်းဘယ်လို ခံစားရသလဲ"

"ကြောက်တယ်၊ လန့်တယ်၊ စိတ်ဆိုးတယ်"

"နားလည်နိုင်ပါတယ်။ ဒီလိုပဲဖြစ်မှာပဲ၊ လူအတော်များများလည်းဒီလိုပဲ ဖြစ်တတ်ကြတာ။ ဒါပေမဲ့ အလုပ်ဖြုတ်ခံရတာကိုမကြိုက်ပေမဲ့ အလုပ်ကထွက် လာခဲ့တာဟာ ကိုယ့်ဘဝမှာတွေ့ရတဲ့ အကောင်းဆုံးဖြစ်ရပ်တစ်ခုလို့ မြင်ကြည့်စမ်း။ ခဏကြာတဲ့အခါ ကိုယ်နဲ့ကိုယ့် အလုပ်ဟာ၊ သိပ်ပြီး သဟဇာတမဖြစ်ဘူး။ အလုပ်က မထွက်ချင်ပေမယ့်လဲ ထွက်ဖို့ကောင်းတာကြာပြီဆိုရင်ရော"

လူငယ်က "ဒါပေမဲ့ တစ်ခုခု ဆိုးဆိုးဝါးဝါးလည်း ဖြစ်သွားနိုင်တာပဲ"

mgyoe.com